ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၃၈ / ၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်

( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-ခ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်တွင်းမှ ပြည်ပသို့ဖြစ်စေ၊ ပြည်ပမှပြည်တွင်းသို့ဖြစ်စေ ကုန်စည်များ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းပြုသည့်အခါ ယင်းကုန်စည်များအတွက် ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန် ကောက်ခံရမည့်နှုန်းထားနှင့်နည်းလမ်းများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) ပို့ကုန်ကို ကျပ်ငွေဖြင့်တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့်ကုန်စည်တန်ဖိုး၏ နှစ်ရာခိုင်နှုန်းကို လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့်ကုန်စည်တန်ဖိုးကို တင်ပို့သည့်နေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကသတ်မှတ်သော နိုင်ငံခြားငွေ လဲလှယ်နှုန်းဖြင့် တွက်ချက်၍ရရှိသော ပို့ကုန်တန်ဖိုး၏ နှစ်ရာခိုင်နှုန်းကိုလည်းကောင်း ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်အဖြစ် ကျပ်ငွေဖြင့် ကောက်ခံရမည်။

(ခ) သွင်းကုန်အပေါ် အကောက်ခွန်စည်းကြပ်တန်ဖိုး (Assessed Value) ၏ နှစ်ရာခိုင်နှုန်းကို ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်အဖြစ် ကျပ်ငွေဖြင့် ကောက်ခံရမည်။

၂။ ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်ကောက်ခံရမည့် ပို့ကုန်သွင်းကုန်များတွင် အောက်ပါတို့ ပါဝင်သည်-

(က) နယ်စပ်ကုန်သွယ်မှုစနစ် (Border Trade System) ဖြင့် ဆောင်ရွက်သည့် ပို့ကုန်သွင်းကုန်များ။

(ခ) နယ်စပ်ကုန်သွယ်မှုစခန်းမှ ပုံမှန်ကုန်သွယ်မှုစနစ် (Normal Trade through Border System) ဖြင့် ဆောင်ရွက်သည့် ပို့ကုန်သွင်းကုန်များ။

(ဂ) ပုံမှန်ကုန်သွယ်ရေးစနစ် (Normal Trade System) ဖြင့် ဆောင်ရွက်သည့် ပို့ကုန်သွင်းကုန်များ။

၃။ ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်ကောက်ခံရမည့် ပို့ကုန်သွင်းကုန်များတွင် အောက်ပါတို့ အကျုံးဝင်ခြင်းမရှိစေရ-

(က) ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများက ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုငွေဖြင့် တင်ပို့တင်သွင်းသည့် ကုန်စည်များ။

(ခ) ယာဉ်အိုယာဉ်ဟောင်းအပ်နှံထားသည့် တစ်ဦးချင်းပုဂ္ဂိုလ်အမည်ဖြင့် တင်သွင်းသည့် မော်တော်ယာဉ်များ။

(ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ခွင့်ပြုမိန့်အရ ရရှိထားသည့် အခွန်အကောက်ကင်းလွတ်ခွင့်နှင့်အညီ လုပ်ငန်းများ၏ လုပ်ငန်းတည်ဆောက်မှုကာလအတွင်း အမှန်တကယ်လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ အသုံးအဆောင် တန်ဆာပလာများနှင့်လုပ်ငန်းတည်ဆောက်ပြီးစီး၍ ပထမသုံးနှစ်အတွက် ကုန်စည်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းကုန်စည်များ။

(ဃ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ လှူဒါန်းထောက်ပံ့သဖြင့် တင်သွင်းလာသည့် ကုန်စည်များ။

(င) မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ၊ လူနာတင်ယာဉ်များ (ပုဂ္ဂလိကလုပ်ငန်းများမှ တင်သွင်းသည့် ဆေးရုံလုပ်ငန်းသုံးယာဉ်များမပါ)။

(စ) လက်ခစားလုပ်ငန်းများအတွက် တင်သွင်းသည့် ကုန်ကြမ်းကုန်စည်များ။

(ဆ) Draw Back စနစ်ဖြင့် တင်သွင်းသည့် ကုန်စည်များ။

(ဇ) ယာယီတင်သွင်းမှု (Temporary Importation) စနစ်ဖြင့် တင်သွင်းလာသည့် ကုန်စည်များ။

၄။ အထက်အပိုဒ် (၁) ပါ နှုန်းများအတိုင်း ကောက်ခံထားသည့် ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်များကို အပြီးသတ်စည်းကြပ်မှုအရ ကျသင့်ဝင်ငွေခွန်မှ ခုနှိမ်ပေးရမည်။

၅။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၉ ခုနှစ်၊ မေ လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၆။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၂-၁-၂၀၁၈ ရက်စွဲပါ ယခင် အမိန့်ကြော်ငြာစာအမှတ်၊ ၇/ ၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ ဘဏ္ဍာ- ၁/၃/၁ (၂၅၀၅ / ၂၀၁၉)
ရက် စွဲ၊ ၂၀၁၉ ခုနှစ်၊ ဧပြီ လ ၈ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအားလုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ပြည်တွင်းအခွန်များဦးစီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ကျန်ဌာနအဖွဲ့အစည်းများအားလုံး

မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန်။

ရုံးလက်ခံ/ဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

(signature)

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(မောင်မောင်ဝင်း၊ဒုတိယဝန်ကြီး)